# ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆ ။)

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟုခေါ်တွင် စေရမည်။

၂။ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁ ကို အောက်ပါ ပုဒ်မ ၁ ဖြင့် အစားထိုးရမည် -

"1. This Act shall extend to the whole of the Republic of the Union of Myanmar."

၃။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ ရှင်းလင်းချက်တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union, a High Court of the Region or a High Court of the State or a District Court" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ ပထမပိုင်း၊ ဒုတိယပိုင်းနှင့်တတိယပိုင်း တို့တွင် -

(က) အပိုဒ် ၁ ကို ပယ်ဖျက်ရမည်။

(ခ) အပိုဒ် ၁၅၂ နှင့် အပိုဒ် ၁၅၃ တို့၌ ပါရှိသော "the District Court" ဆိုသည့် စကားရပ်ကို "a Court of the Self-Administered Division, a Court of the Self-Administered Zone or a District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) အပိုဒ် ၁၅၂-က နှင့် အပိုဒ် ၁၅၄ တို့၌ ပါရှိသော "the State or Divisional Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) အပိုဒ် ၁၆၁ ကို ပယ်ဖျက်ရမည်။

( င )  အပိုဒ် ၁၆၂ နှင့် ၁၈၃ တို့တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( စ )  အပိုဒ် ၁၇၃ တွင် ပါရှိသော "article 161 and" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်